JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ ဩဂုတ် ၂၉ | မြန်မာ**

# မြန်မာစစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများကို အားပေးကူညီမည့် စစ်ရေးလေ့ကျင့်မှုသင်တန်း အာဆီယံက လုပ်ဆောင်ရန်ရှိ

မြန်မာစစ်အုပ်စုက ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ရုရှားနိုင်ငံတွင် ကျင်းပပြုလုပ်မည့် အာဆီယံ၏ စစ်ရေးလေ့ကျင့်မှုအစီအစဉ်ကို Justice For Myanmar က ရှုတ်ချပါသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် မြန်မာပြည်သူများပေါ် အဆင်ခြင်မဲ့လေကြောင်းတိုက်ခိုက်မှုများ၊ ဗုံးကြဲတိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ၊ မုဒိန်းကျင့်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ တရားဥပဒေမဲ့ ဖမ်းဆီးမှုများ၊ လူနေအိမ်များ၊ ကျေးရွာများနှင့် ကောက်ပဲသီးနှံများအား ရည်ရွယ်ချက်ရှိရှိ မီးရှို့ဖျက်ဆီးမှုများကျူးလွန်၍ အကြမ်းဖက်စစ်ဆင်ရေး ပြုလုပ်နေသော စစ်အုပ်စုအား ပိုမိုကောင်းမွန်သည့် စစ်ဘက်ဆိုင်ရာ စွမ်းဆောင်ရည်များ ပေးအပ်မည် ဖြစ်သည်။

စစ်ရေးလေ့ကျင့်မှုကို စက်တင်ဘာ ၂၅ ရက်မှ ၃၀ ရက်နေ့အထိ Ussuriysk နှင့် Vladivostok မြို့များတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း မကြာသေးမီက ပြင်ဆင်လိုက်သည့် အာဆီယံကာကွယ်ရေးကဏ္ဍလုပ်ငန်းပြက္ခဒိန်အရ သိရပါသည်။

Ussuriysk နှင့် Vladivostok မြို့များသည် ယူကရိန်းနိုင်ငံအပေါ် ရုရှားကျူးကျော်စစ်တွင် ပါဝင်ခဲ့သည့် ရုရှားအရှေ့တိုင်းစစ်ဌာနချုပ်၏ ထိန်းချုပ်မှုအောက်တွင် တည်ရှိသည်။ Vladivostok မြို့သည် ရုရှားပစိဖိတ်ရေတပ်၏ ဌာနချုပ်ဖြစ်ပြီး၊ Ussuriysk မြို့သည် အမှတ် (၅) တပ်ပေါင်းစု၏ ဌာနချုပ်ဖြစ်သည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုသည် အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများအစည်းအဝေး၊ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့၏ အစိတ်အပိုင်းဖြစ်သည်။ ယင်းလုပ်ငန်းအဖွဲ့ကို ရုရှားအစိုးရနှင့် တရားမဝင် မြန်မာစစ်အုပ်စုတို့က ဦးဆောင်လျက်ရှိသည်။

အာဆီယံ ကာကွယ်ရေးဝန်ကြီးများအစည်းအဝေးကို အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီး Probowo Subianto က သဘာပတိအဖြစ် ဆောင်ရွက်သည်။

Justice For Myanmar နှင့် အခြားသော မြန်မာနိုင်ငံနှင့် နိုင်ငံတကာအရပ်ဘက်အဖွဲ့အစည်းများက အာဆီယံအနေဖြင့် စစ်အုပ်စုကို ADMM မှ ဖယ်ရှားရန် နှင့် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ အနေဖြင့် မြန်မာစစ်အုပ်စု ပါဝင်သည့် ADMM လှုပ်ရှားမှုအားလုံးကို သပိတ်မှောက်ရန် အကြိမ်ကြိမ် တောင်းဆိုထားခဲ့ကြပြီး ဖြစ်ပါသည်။

ရုရှားတွင်ကျင်းပမည့် မြေပြင်စစ်ရေးလေ့ကျင့်မှုအစီအစဥ်ကို ရှေ့တိုးလုပ်ဆောင်မည်ဆိုပါက အာဆီယံအနေဖြင့် မြန်မာပြည်သူများအပေါ် စစ်အုပ်စုက ကျူးလွန်နေသော စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများတွင် ကြံရာပါပတ်သက်မှု ပိုမိုနက်ရှိုင်းစေမည် ဖြစ်သည်။

**စစ်အုပ်စုအကြမ်းဖက်မှုများကို လောင်စာမီးထိုးပေးမည့် အာဆီယံ၏ စာတွေ့စစ်ရေးလေ့ကျင့်မှု**

ဩဂုတ်လအတွင်း မြန်မာစစ်အုပ်စုသည် အာဆီယံ၏ စာတွေ့စစ်ရေးလေ့ကျင့်မှု (Table Top Exercise-TTX) တစ်ရပ်ကို နေပြည်တော်တွင် လက်ခံကျင်းပခဲ့ပြီး၊ ယင်းက မြန်မာပြည်သူများအား သတ်ဖြတ်နေသည့် စစ်အုပ်စုအတွက် စစ်ဘက်ဆိုင်ရာ ကူညီပံ့ပိုးမှုများ တိုက်ရိုက် ပေးအပ်ခဲ့ခြင်း ဖြစ်သည်။

စာတွေ့စစ်ရေးလေ့ကျင့်မှုအပြီး ထုတ်ပြန်ခဲ့သည့် ဝါဒဖြန့်သတင်းတွင် စစ်အုပ်စုက "လတ်တလော နိုင်ငံရေးအခြေအနေတွေအရ NUG၊ PDF အကြမ်းဖက်သမားများရဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်ပေါ်နေတဲ့ မြန်မာနိုင်ငံအနေနဲ့ အကြမ်းဖက်မှုတန်ပြန် တိုက်ဖျက်ရေးလုပ်ငန်းတွေကို နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီး ပူးပေါင်းဆောင်ရွက်ခွင့်ရရှိခဲ့တာကလည်း တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံကောင်းများ ရရှိစေခဲ့ပါတယ်။" ဟု ဖော်ပြထားပြီး၊ အဆိုပါစာတွေ့စစ်ရေးလေ့ကျင့်မှုသည် ၎င်းတို့က အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် တရားမဝင် သတ်မှတ်ထားသည့် အမျိုးသားညီ ညွတ်ရေးအစိုးရ (NUG) နှင့် ပြည်သူ့ကာ ကွယ်ရေးတပ်မတော် (PDFs) များအပေါ် စစ်ဆင်ရေးများ အတွက် ကူညီပံ့ပိုးကြောင်း အတည်ပြုထားခဲ့သည်။

အမှန်တကယ်တွင် မြန်မာစစ်အုပ်စုသည် မြန်မာနိုင်ငံဥပဒေအရသော်လည်းကောင်း၊ နိုင်ငံတကာဥပဒေဖွင့်ဆိုချက်အရသော်လည်းကောင်း ၎င်းတို့ကိုယ်တိုင်ပင် အကြမ်းဖက်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။

အဆိုပါစာတွေ့စစ်ရေးလေ့ကျင့်မှု (TTX) တွင် မြို့ပြစစ်ဆင်ရေးအတွက် အထူးလေ့ကျင့်သင်ကြားထားသည့် စစ်အုပ်စု၏ အထူးစစ်ဆင်ရေးတပ်ဖွဲ့ (SOTF) လည်း ပါဝင်ခဲ့သည်။ အတည်မပြုနိုင်သည့် သတင်းများအရ SOTF သည် စစ်တပ်၏ တရားမဝင်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ငြိမ်းချမ်းစွာ ဆန္ဒပြသူများအပေါ် ရက်ရက်စက်စက် ဖိနှိပ်ဖြိုခွဲမှုများတွင် ပါဝင်ခဲ့ကြောင်း ဖော်ပြထားသည်။ အာဆီယံ၏ စာတွေ့လေ့ကျင့်မှုတွင် SOTF ၏ သရုပ်ပြမှုများ ပါဝင်ခဲ့ပြီး၊ စစ်အုပ်စုက သတင်းထုတ်ပြန်ရာတွင် နိုင်ငံတကာတက်ရောက်သူများက

“စနစ်တကျ၊ လေ့ကျင့်သင်ကြားထားသည့် SOTF အဖွဲ့ဝင် အမျိုးသား၊ အမျိုးသမီးများ၏ ကာယကြံ့ခိုင်မှုနှင့် စိတ်ဓာတ်မာကျောမှုများကို အသိအမှတ်ပြုခဲ့ကြောင်း” ရေးသားထားသည်။

အဆိုပါ စာတွေ့စစ်ရေးလေ့ကျင့်မှုကို မတက်ရောက်ခဲ့သည့် ဩစတြေးလျ၊ ဂျပန်၊ နယူးဇီလန်၊ စင်ကာပူ၊ တောင်ကိုးရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဆုံးဖြတ်ချက်ကို Justice For Myanmar က ကြိုဆိုပြီး၊ တက်ရောက်ခဲ့ကြသည့် ကျန်အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများ ဖြစ်သည့် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့ အပေါ် ရှုတ်ချပါသည်။ စစ်အုပ်စုက ၎င်းတို့၏ စစ်ရေးလေ့ကျင့်မှုကို တက်ရောက်ရန် ငြင်းဆိုခြင်းသည် အကြမ်းဖက်မှုနှင့် အကြမ်းဖက်လုပ်ရပ်များအား အားပေးထောက်ခံခြင်းဟု ကောက်ချက်ချနိုင်ကြောင်း တုန့်ပြန်ပြောဆိုခဲ့သည်။

စာတွေ့စစ်ရေးလေ့ကျင့်မှုကို <u>အီးယူက ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားသည့်</u> စစ်အုပ်စု ကြည်း၊ ရေ၊ လေ ညှိနှိုင်းကွပ်ကဲရေးမှူး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဖွင့်လှစ်ပေးခဲ့သည်။

အီးယူက ဒဏ်ခတ်ပိတ်ဆို့မှုချမှတ်ရာတွင် “များစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေသည့်အပြင် မောင်မောင်အေးသည် ရုရှားစစ်လက်နက်များ ဝယ်ယူရာတွင် ပါဝင်ခဲ့ပြီး၊ အခြားနိုင်ငံများ၏ စစ်ဘက်တာဝန်ရှိသူများနှင့် တွေ့ဆုံမှုများမှတဆင့် စစ်တပ်၏ နိုင်ငံတကာ အခန်းကဏ္ဍကို အားကောင်းစေရန်လည်း ကူညီသည်” ဟု မှတ်ချက်ပြု ဖော်ပြထားပါသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “စစ်အုပ်စု စစ်သည်တွေကို အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးနည်းဗျူဟာတွေ လေ့ကျင့်သင်ကြားပေးတဲ့ အာဆီယံရဲ့ ဆုံးဖြတ်ချက်ဟာ အတော် ယုတ္တိမဲ့တဲ့ စက်ဆုပ်ရွံ့ရှာစရာ ဖြစ်ပါတယ်။

စစ်အုပ်စုဟာ ရက်စက်ကြမ်းကြုတ်မှုတွေကို အပြစ်ပေးအရေးယူခံရခြင်း အလျဉ်းမရှိဘဲ ကျူးလွန်နေတယ် ဆိုတာနဲ့ ဒီစစ်ရေးလေ့ကျင့်မှုတွေကြောင့် စစ်အုပ်စုဟာ ပိုပြီးလက်ရဲဇက်ရဲရှိလာပြီး၊ နိုင်ငံတကာ ရာဇဝတ်မှုတွေ ကျူးလွန်ဖို့အတွက် အားပေးကူညီရာ ရောက်မယ်ဆိုတာကို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေ၊ သူ့ရဲ့ဆွေးနွေးဖက် နိုင်ငံတွေက ကောင်းကောင်း သိပါတယ်။

အာဆီယံအနေနဲ့ မြန်မာနိုင်ငံအကြပ်အတည်းကို ၎င်းတို့ရဲ့ဘုံသဘောတူညီချက် ၅ ရပ်နဲ့ မဖြေရှင်းနိုင် ရုံသာမက၊ တချိန်တည်းမှာပဲ နိုင်ငံတကာအရေးယူဆောင်ရွက်ချက်တွေကို ဟန့်တားမှုဖြစ်စေပြီး၊ စစ်အုပ်စုအတွက် စစ်ဘက်ဆိုင်ရာအကူအညီတွေနဲ့ တရားဝင်မှုတွေပေးအပ်ကာ စစ်အုပ်စုကို ကျောထောက်နောက်ခံပေးခြင်းဖြင့် ဘုံသဘောတူညီချက်တွေကို ထိခိုက်ပျက်ပြား နေစေတာ ဖြစ်ပါတယ်။

အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး ဉက္ကဋ္ဌဖြစ်တဲ့ အင်ဒိုနီးရှားအနေနဲ့ အဆိုပါစစ်ရေးလေ့ကျင့်မှုကို ချက်ချင်းဖျက်သိမ်းသင့်ပြီး၊ လှုပ်ရှားမှုအစီအစဉ်အားလုံးကနေ စစ်အုပ်စုကို တားမြစ်ပိတ်ပင် ရမှာပါ။

စစ်ရေးလေ့ကျင့်မှုကို ဆက်လုပ်မယ်ဆိုရင် အာဆီယံအဖွဲ့ဝင်တွေနဲ့ ဆွေးနွေးဖက်နိုင်ငံတွေဟာ စစ်ရေး လေ့ကျင့်မှုကို သပိတ်မှောက်သင့်ပြီး၊ တရားမဝင်စစ်အုပ်စုပါနေတဲ့ ADMM အခမ်းအနားအားလုံးကို တက်ရောက်ဖို့ ငြင်းဆိုသင့်ပါတယ်။

အာဆီယံဗဟိုပြုမှုဆိုတဲ့ ပြောဆိုချက်ဟာ မြန်မာပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို လျစ်လျူရှုပြီး အကြမ်းဖက်စစ်အုပ်စုနဲ့ ပုံမှန်အတိုင်း ဆက်ဆံလုပ်ကိုင်ဖို့ ဟန်ပြစကားလုံးသက်သက် ဖြစ်တယ်ဆိုတာ အာဆီယံရဲ့ စစ်ရေးလေ့ကျင့်မှုတွေက ရှင်းရှင်းလင်းလင်း ပြသနေပါတယ်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီအပါအဝင် အစိုးရတွေအနေနဲ့ စစ်အုပ်စုက ဘဏ္ဍာငွေ၊ လက်နက်၊ ပစ္စည်းကိရိယာတွေနဲ့ လေယာဉ်ဆီတွေရရှိနေတာကို ပိတ်ပင်ဖို့၊ မြန်မာအရေးကို နိုင်ငံတကာရာဇဝတ်ခုံရုံးကို လွှဲပြောင်းပေးဖို့ ခိုင်မာအားကောင်းတဲ့ အရေးယူဆောင်ရွက်ချက်တွေကို အရေးတကြီး တိုးမြှင့်လုပ်ဆောင်ဖို့ လိုအပ်နေပါတယ်။” ဟု ပြောကြားခဲ့ပါသည်။

ပိုမိုသိရှိရန်

ADMM အကြောင်း ကျွန်ုပ်တို့၏ စုံစမ်းရေးသားချက်ကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။